# THOE SAUNG

NEW NOVEL



သိုးဆောင်း

ခေါင်ရန်းပန်းတို့ပွင့်နေပြီ

# ခေါင်ရန်းပန်းတို့ ပွင့်နေပြီ

## သိုးဆောင်း

တစ်ခါတလေ ပင်လယ်သံကို နားထောင်ရတာ

တော်တော် အရသာမဲ့လွန်းတယ်

နေဝင်တော့မယ် ပြောကာမှ

ငှက်ဆိုးက ထတွန်လာတာမျိုး

၊

ကျောပြင်မှ အေးစက်မှုကို ခံစားရတယ်။ တကယ်ဆို ဘယ်လိုနည်းနဲ့မှ ဤမျှလောက်ထိ အေးစက်စရာ မလိုပါဘူး။ သူမ ကျောမှီထားတာ အုတ်သားနံရံ မဟုတ်ဘူးလေ...။ တံခါးကြီးတစ်ချပ်။ တံခါးမှ သူမအရပ်ထက် နှစ်ဆကျော်မျှမြင့်သော သစ်သားတံခါးကြီးတစ်ချပ်။

ထိုတံခါးကြီးကို ကျောမှီပြီး သူမတစ်ကိုယ်လုံး တုန်ရီအေးစက်လို့ နေပါတယ်။ ဒါဟာ ပြင်ပ ပတ်ဝန်းကျင်ကို ကြီးကျယ်သောအင်အားနဲ့ သိမ်းသွင်းပြောင်းလဲနေတဲ့ ဆောင်းဥတုကြောင့်လား ...။

မဟုတ်ပါဘူး ...။ အခုက နွေရာသီပါ။

ဒါဆို အဘယ်ကြောင့် သူမခန္ဓာကိုယ်က ဤမျှထိ အေးစက်နေရပါသနည်း။ အဓိကသည် စိတ်။ အတွင်းမှ အုံကြွနေသော စိတ်။ ထိုစိတ်ကြောင့်ပဲ သူမခန္ဓာဟာ အေးစက်တုန်ယင်နေခြင်း ဖြစ်နိုင်ပါတယ်။

ဟုတ်ပါတယ် ... ဒါဟာ ကြောက်စိတ်ပါ။ အတွင်းမှ တစိမ့်စိမ့်စီး ထွက်နေ

တဲ့ ကြောက်စိတ် တစ်မျိုးပါ။ သူမ ဘာကိုကြောက်တာနည်း။

ဤအခန်းလေးထဲမှာ တစ်ယောက်တည်း နေရတာကို ကြောက်တယ်။ မျက်နှာချင်းဆိုင် တိုက်ခန်း ဝရန်တာကနေ သူမကို အမြဲရပ်ကြည့်နေတဲ့ အစိမ်းရောင်ဝမ်းဆက်နဲ့ အဘွားကြီးကို ကြောက်တယ်။ မေမေ ပြန်မလာမှာကို ကြောက်တယ်။ ပြီးတော့ တတိယထပ်က ဦးဦးဆံရှည် ရောက်မလာမှာကိုလည်း ကြောက်ပါတယ်။

လက်ထဲမှာ မေမေပေးထားတဲ့ ဖုန်းလေးတစ်လုံးနဲ့ ... မေမေလို့ နာမည်တပ်ထားတဲ့ ဖုန်းနံပါတ်လေး တစ်ခုကို သူမခေါ်နေမိခဲ့တာ အချိန်တော်တော် ကြာနေပါပြီ။ မှတ်မှတ်သားသား ပြောရရင် ... အင်း ... တော်တော်တော့ ကြာနေပါပြီ။ ညနှစ်ညတောင် ကူးပြီးသွားပြီလား ....၊ ဒါမှမဟုတ် သုံးညလား ...။

ပူလောင်ခြောက်ကပ်နေတဲ့ သူမဝမ်းဗိုက် အနေအထားကို ချင့်တွက်ရလျှင်တော့ ညနှစ်ည ဖြတ်ကျော်ပြီး ... ဒါဟာ သုံးညမြောက် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တစ်ဖက်မှ "ဟယ်လို ... သမီးလေး ..." ဆိုတဲ့ ထူးနေကျ မေမေ့အသံကို ခုထိမကြားရပါဘူး။

မေမေ ဘယ်ရောက်နေတာလဲ ...။

ဟော ... အောက်ဖက်မှ လှေကားတက်လာတဲ့ ခြေသံလိုလိုကို ကြားလိုက်ရတယ်။

"မေမေလား ..."

ထိုင်ရာမှမထဘဲ တံခါးမှာ နားကပ်ထောင်တော့ ခြေသံက ခုနထက် သိသာထင်ရှား လာတယ်။ ပိုမိုသေချာစေရန် တံခါးပတ္တာလေးပေါ်ကို နားကပ်ကြည့်လိုက်ပါတယ်။

လှေကားအတိုင်း တစ်စုံတစ်ယောက်က တစ်လှမ်းချင်း တက်လာနေတယ်။ ဒါပေမဲ့ နီးကပ်လေ ပြတ်သားလာလေတဲ့ အချက်က မေမေ့ခြေသံ မဟုတ်ပါဘူး။ ဒါဆို အောက်ထပ်က ဦးဦးဆံရှည်လား။ စွင့်ထားတဲ့ နားလေးကတစ်ဆင့် အဖြေကိုထုတ်တော့ ...

ဖြစ်နိုင်ပါတယ် ... ဒါဟာ ဦးဦးဆံရှည် လာနေကျ ခြေသံမျိုးပါ။ ပြီးခဲ့တဲ့ နှစ်ရက်လုံးလုံး သူမ မျှော်နေမိခဲ့တဲ့ ဦးဦးဆံရှည် ရောက်လာခဲ့ပြီ ထင်ပါရဲ့ ...။ ဦးဦးဆံရှည်နဲ့တွေ့မှ သူမ တံခါးခေါက်တာကို ဘာလို့ ဖွင့်မပေးတာလဲ မေးရပါဦးမယ်။ ရင်ထဲမှာ မျှော်လင့်ချက်တွေ တရိပ်ရိပ် တက်လာတယ်။ ကြောက်စိတ်တွေ ခဏပျောက်ပြီး အားတွေရောက်လာတယ်။

"ဦးဦးဆံရှည်လား ..."

မတိုးမကျယ် ခေါ်လိုက်သော်လည်း လှေကားမှ တက်လာတဲ့ ခြေသံက သတိမူမိပုံ မရပါဘူး။

ဒါနဲ့ပဲ ...

"ဒုန်း ... ဒုန်း ....."

"ဦးဦးဆံရှည်လား ..."

တံခါးကို လက်နဲ့ထုပြီး အသံကိုထပ်မြှင့်တော့ ခြေသံက သူမအခန်းရှေ့ တည့်တည့်မှာ ရပ်သွားတယ်။ ဟုတ်ပါစေ ...။ ဦးဦးဆံရှည် ဟုတ်ပါစေ။ အရင်လိုပဲ "သမီးလေး စံစံ" ဆိုတဲ့ခေါ်သံ ကြားရပါစေ။

သူမ အသက်မရှူမိဘူး။ အခန်းပြင်မှ တုံ့ပြန်လာသံကို မျှော်လင့်တကြီးနဲ့ စောင့်နေတယ်။ အတော်ကြာတဲ့ထိ သူမရှိနေရာ တိုက်ခန်းလေးသည် လည်းကောင်း ... အပြင်မှ ခြေသံသည် လည်းကောင်း ... တိတ်ဆိတ်လျက်ပါပဲ။

"ဒုန်း ... ဒုန်း ..."

"ဦးဦးဆံရှည်လား ..."

ဒီတစ်ခါ စကားဆုံးဆုံးချင်းပဲ ရပ်နေတဲ့ခြေသံက လှုပ်ရှားသံ ထွက်သွားရဲ့ ...။ ပြီးတော့ ဆက်လက်၍ အပေါ်ဘက် လှေကားထစ်များဆီ ဆက်တက်သွားတယ်။ သူမ အာခေါင်တွေ ခြောက်ကပ်သွားခဲ့တယ်။ မျှော်လင့်သလို ခြေသံဟာ ဦးဦးဆံရှည် မဟုတ်ခဲ့ပါဘူး။

ဒါဆိုလျှင်တော့ သူမနှင့်မေမေ့ကို လုံးလုံးကြည့်မရတဲ့ အပေါ်ဘက် အခန်းတွေဆီက တစ်စုံတစ်ယောက်သာ ဖြစ်နိုင်ပါတယ်။ တစ်ဆက်တည်းဆိုသလို တစ်ချိန်က မေမေပြောခဲ့တဲ့ စကားတစ်ခွန်းကို ကြားယောင်မိတယ်။

"တတိယထပ်က ဆံပင်ရှည်နဲ့ ဦးလေးကလွဲပြီး ဒီတစ်တိုက်လုံးမှာ ဘယ်သူ့ကိုမှ မယုံနဲ့နော် သမီး၊ ဘယ်သူ တံခါးခေါက်ခေါက် ဖွင့်မပေးနဲ့၊ ဘယ်သူ ခေါ်ခေါ် မလိုက်နဲ့ ... ကြားလား"

ယခုတော့ ဖွင့်ပေးစရာလည်း မလိုသလို ... လိုက်သွားစရာလည်း မလိုတော့ပါဘူး။ သူမလို ကလေးငယ်တစ်ဦးရဲ့ ကြောက်လန့်တကြား ခေါ်သံကို ခြေသံပိုင်ရှင် လူသားတစ်ဦးက အသိမှတ်တောင် ပြုမသွားခဲ့ဘူးလေ။ ဒါဟာ မေမေ့ကိုတွေ့ရင် ကြည့်နေကျ ပတ်ဝန်းကျင်ရဲ့ မျက်လုံးတွေနဲ့ အများကြီး သက်ဆိုင်ပါလိမ့်မယ်။

ကပ်ထားတဲ့ နားလေးကို တံခါးမှခွာတော့ မျက်ရည်တစ်စက် ပါးပေါ်လိမ့်စီးကျလာတယ်။ ကြမ်းခင်းပေါ် ချထားတဲ့ ဖုန်းလေးကိုယူရင်း "မေမေ" ဆိုတဲ့ စာလေးနှစ်လုံးကို အကြောင်းမဲ့ ကြည့်နေမိတယ်။

ဖုန်းမှာပေါ်နေတဲ့ ဂဏန်းလေးလုံးအရ ညဟာ တော်တော်မိုးချုပ် နေပါပြီ။ ထို့အတူပဲ သူမ လည်ချောင်းတွေ ခြောက်ကပ်နေပြီး ... သူမဝမ်းဗိုက်က

ဆာလွန်းလို့ ဟောင်းလောင်းပေါက်နေပြီ။

"ပြန်လာပါတော့ မေမေရယ်၊ သမီးတစ်ယောက်တည်း မနေရဲလို့ပါ"

နှုတ်ခမ်းကိုသပ်ရင်း မေမေ့ကို တောင့်တနေမိတယ်။ မျက်ရည်တွေ အမြောက်အမြား စီးကျလာပြန်တယ်။ တစ်ကြိမ်မှာတော့ ဝေဝါးနေတဲ့ မျက်ရည်တွေကြားကနေ အဝါရောင် မီးစလေးတစ်ခုကို အခန်းနံရံမှာ လှမ်းမြင်လိုက်ရတယ်။ ဒါဟာ သူမတို့ လမ်းတွင်းသို့ ကားတစ်စီးတလေ ဝင်လာခဲ့လျှင် ကာရံထားတဲ့ မှန်အကြည်တံခါးတွေမှ တစ်ဆင့် အတွင်းကို ဝင်လာတတ်တဲ့ မီးအလင်းရောင်မျိုးပါ။

မေမေ ပြန်လာတာလား ….။

သေချာတာကတော့ … သူမထိုင်နေရာရဲ့ ညာဘက်ခြမ်းမှာ ရှိနေသော တံခါးကြီးကို တွန်းဖွင့်ပြီး ဝရန်တာဆီ ထွက်မှာမဟုတ်ပါဘူး။ အထူးသဖြင့် ခုလိုညဘက်တွေမှာပေါ့ …။

တွေးရင်းနဲ့ ကြက်သီးတွေ တစ်ကိုယ်လုံး တဖြန်းဖြန်း သီးလာရတယ်။ ဒူးလေးနှစ်ဖက်ကို ရင်ထဲထည့်ရင်း … ကျစ်နေအောင် လက်ကိုပိုက်ထားမိတယ်။

ပိုမိုပြင်းပြလာတဲ့ မီးအလင်းရောင်နဲ့အတူ ကားစက်သံက ပီပြင်လာတယ်။ တိုက်ရှေ့ တည့်တည့်မှာ ရပ်မယ် ထင်ထားမိသော်လည်း အရှိန်ပင် လျှော့ဖော်မရဘဲ ဆက်လက်မောင်းထွက် သွားလေရဲ့ …။

ဒီကားနဲ့လည်း မေမေ ပါမလာခဲ့ပြန်ဘူးပေါ့။ အခန်းလေးက နဂိုအတိုင်း ပြန်လည် တိတ်ဆိတ်သွားတယ်။ ထိုတိတ်ဆိတ်မှုထဲမှာမှ နာရီသံ တချက်ချက်ကို သူမအကျယ်ကြီး ကြားနေရပါတယ်။ ကျောပြင်မှ အေးစက်မှုက ပိုမိုကြီးမား လာသလိုပါပဲ။

ထိုစဉ်မှာပင် နားထဲကို စကားသံလေးတစ်ခု ဝင်ရောက်လာပြန်တယ်။ တစ်ခါက သူမကို မေမေပြောခဲ့ဖူးတဲ့ စကားသံလေးပါ .....။ အဲဒီတုန်းက ... သူမနဲ့မေမေ အိပ်ရာထဲကို ရောက်နေကြပြီ။ မေမေ့ရင်ခွင်ထဲဝင်ပြီး မေမေ ပုတ်သိပ်မှာကို စောင့်နေတုန်းပေါ့ ....။

"မေမေက ဘာလို့ ညဘက် နောက်ကျမှ ပြန်လာတာလဲဟင်"

မေမေက ပါးပေါ်ဝဲကျနေတဲ့ သူမဆံပင်လေးများကို သပ်တင်ပေးနေရာမှ ပြုံးကြည့်ရင်း ...

"စောစောပြန်လာလို့ မရလို့ပေါ့ သမီးရယ်"

"သမီးတစ်ယောက်တည်း မနေရဲဘူး၊ ကြောက်တယ် ..."

"သမီးက ဘာကိုကြောက်တာလဲ"

"သရဲ"

မေမေက သူမပါးပြင်လေးကို လိမ်ဆွဲရင်း ရယ်ပါတယ်။

"နောက်ပြီး ဝရန်တာက အဘွားကြီးကိုလည်း ကြောက်တယ်"

"ဝရန်တာက အဘွားကြီး ...၊ ဘယ်က အဘွားကြီးလဲ သမီးရဲ့"

"ရှေ့တည့်တည့် တိုက်ခန်းက အဘွားကြီးလေ ... ဝရန်တာမှာ ရပ်ပြီး သမီးကို ကြည့်ကြည့်နေတာ"

မေမေ နားလည်ပုံ မရပါဘူး။

လှဲနေရာကထပြီး ...

"ဟိုအခန်းကလား"

"ဟုတ်တယ်"

"ဘာမှ မရှိပါဘူး သမီးရဲ့"

"ရှိတယ် ...၊ အိမ်မှာ သမီးတစ်ယောက်တည်း ရှိချိန်ဆို သူက အဲဒီဝရန်တာကနေ ရပ်ကြည့်နေတာ၊ အစိမ်းရောင် ဝမ်းဆက်နဲ့ ဆံထုံးလည်း ထုံးထားတယ်"

မေမေက မျက်နှာချင်းဆိုင် တိုက်ခန်းကို ပြတင်းမှန်တံခါးမှတစ်ဆင့် အတန်ကြာ ငေးကြည့်နေပါတယ်။ ပြီးတော့မှ သူမဘက်သို့ လှည့်ကာ ရယ်ရင်း ...

"သမီးကိုချစ်လို့ ကြည့်တာနေမှာပါ သမီးရယ် ...၊ မကြောက်ပါနဲ့ ..."

"ဟင့်အင်း ... ကြောက်တယ်"

"အဲလိုဆို သံဗုဒ္ဓေဂါထာ မေမေသင်ပေး ထားတာပဲ၊ သမ္ဗုဒ္ဓေရွတ် ..."

"သမ္ဗုဒ္ဓေ ရွတ်လည်း ကြောက်တာပဲ"

"ဒါဆိုရင်တော့ သမီးအိပ်ရာကို သမီးကိုယ်တိုင် စည်းချအိပ်မှရမယ်၊ စည်းချထားရင် ဘယ်သရဲမှ သမီးနား လာလို့မရတော့ဘူး ..."

"ဟိုရှေ့က အဘွားကြီးရောပါလား"

"ပါတာပေါ့ ...၊ ဘယ်သူမှ သမီးနား လာလို့မရတော့တာ ..."

"တကယ်နော် ..."

မေမေက သူမပါးလေးကို ချစ်စဖွယ် လိမ်ဆွဲရင်း ...

"တကယ်ပေါ့ သမီးရဲ့ မေမေငယ်ငယ်တုန်းကလည်း ဘွားဘွားအဲလိုပဲ သင်ပေးခဲ့တာ"

"အဲလိုဆို သမီးကိုလည်း သင်ပေး"

"လာ .... မေမေ ပြမယ်"

မေမေပြောခဲ့သော စကား ... မေမေသင်ပြပေးခဲ့မှုတွေက ... မျက်လုံး

တွင်းမှာ ပြန်ပေါ်လာတယ်။ ဒါနဲ့ပဲ ထိုင်ရာမှထပြီး ဝရန်တာဘက်ခြမ်းကို ကျောပေးလျက် အိပ်ရာဆီ ပြေးသွားလိုက်တယ်။

မေမေနဲ့သူမ နေထိုင်ရာ ဤတိုက်ခန်းလေးထဲမှာ အိပ်ခန်းသတ်သတ် ရှိမနေပါဘူး။ မီးဖိုခန်းအနီး နံရံဘေးမှာပဲ မွေ့ရာခင်းပြီး အိပ်ကြတာပါ။

မွေ့ရာအောက်ခြေ ညာဘက်စွန်းကနေပြီး အိပ်ရာကို လက်ယာရစ် သုံးပတ်,ပတ်ရပါမယ်။ ပတ်နေစဉ်အတွင်း နှုတ်မှလည်း သမ္ဗုဒ္ဓေဂါထာကို ကိုးခေါက်တိတိ ရွတ်ဆိုရမယ်။ ဒါ ..... မေမေသင်သွား ပေးခဲ့တဲ့အတိုင်း အတိအကျပါပဲ။

ဒီလိုနဲ့ သမ္ဗုဒ္ဓေဂါထာကိုရွတ်ရင်း ခြေလှမ်းညီညီနဲ့ အိပ်ရာကို သုံးပတ်,ပတ်လိုက်တယ်။ ပြီးတော့ ဘယ်နေရာကိုမှ မကြည့်ဘဲ မွေ့ရာပေါ် လှဲချလိုက်ပါတယ်။

စည်းချပြီးသွားပြီ ဖြစ်တဲ့အတွက် ပြန်ထွက်လို့ မရတော့ပါဘူး။ မေမေလာတဲ့ထိ အတွင်းမှာပဲ နေရပါတော့မယ်။ စိတ်ထဲမှာ အနည်းငယ် လုံခြုံသွားသလိုလည်း ခံစားရတယ်။ ပြီးတော့ ဖုန်းလေးကို ပြန်ဖွင့်ပြီး မေမေဆိုတဲ့ နံပါတ်ကို ထပ်ခေါ်ကြည့်ပြန်တယ်။ ရှေ့အကြိမ်တွေထက် ဘာမှ ထူးခြားမလာပါဘူး။

သူမကြားချင်တဲ့ "ဟယ်လို ... သမီးလေး ..." ဆိုတဲ့ အသံကိုကြားရဖို့ မဖြစ်နိုင်တော့ဘူး ထင်ပါရဲ့ ....။

တစ်အောင့်ကြာတော့ သူမမျက်လုံးတွေ လေးလံလာတယ်။ ဖုန်းလေးပေါ်မှ မေမေဆိုတဲ့ စာသားဟာလည်း ကပြောင်းကပြန်တွေ ဖြစ်လာတယ်။

ပြီးတော့ ...

ပြီးတော့ ...

***

"ကလောင် ... ကလောင် ... ကလောင်"

ခေါင်းလောင်းသံက နားထဲမှာ ဆူညံသွားတယ်။

မေမေ ခေါင်းလောင်းကြိုး ဆွဲလိုက်တာလား။

ဝမ်းသာအားရနဲ့ ဝရန်တာ တံခါးကို ပြေးဖွင့်ရင်း အပြင်ထွက်ကြည့်တော့ ...

"ဟင် ..."

သူမထင်သလို ခေါင်းလောင်းက လှုပ်ယမ်းမနေပါဘူး။ ချိတ်ထားတဲ့ ခေါင်းလောင်း သည်လည်းကောင်း ... ချထားတဲ့ ကြိုးလေးသည် လည်းကောင်း ... ပကတိ ငြိမ်ဝပ်လျက်သာ ရှိနေတယ်။

အံ့သြခြင်းများစွာနဲ့ အောက်ငုံ့ကြည့်တော့ လမ်းမီးရောင်မှလွဲပြီး ဘာဆို ဘာမျှ မတွေ့ရပါဘူး။ တိတ်ဆိတ်မှုသာ တိုက်ရှေ့လမ်းပေါ်မှာ ရှိနေတယ်။ ဒါဆို ဘယ်အထပ်က ခေါင်းလောင်း မြည်သွားတာလဲ။

မသိုးမသန့် စိတ်များနဲ့အတူ မျက်နှာချင်းဆိုင် တိုက်ခန်းဆီ လှမ်းကြည့် လိုက်မိတော့ ...

"ဟင် ..."

အစိမ်းရောင် ဝတ်ထားတဲ့ အဘွားကြီးက ဝရန်တာမှာရပ်ပြီး သူမကို ကြည့်နေတယ်။ မျက်လုံးတွေ ကြောင်စီပြီး ... မျက်နှာကြီးက ဖွေးဖွေးလှုပ် လို့ ...

"အား ... မကြည့်နဲ့ ... မကြည့်နဲ့"

အသံကုန်အော်ရင်း သူမအခန်းတွင်း ပြေးဝင်လိုက်ပါတယ်။ အိပ်ရာပေါ် ရောက်တော့ စောင်ကိုခေါင်းမြီးခြုံကာ သူမတစ်ကိုယ်လုံး တုန်ယင်နေ

တယ်။

ပါးစပ်မှလည်း ကယောင်ကတမ်းတွေ ပြောနေမိရဲ့ ....။

"မေမေ သမီးကိုကယ်ပါ ...၊ အဘွားကြီးကို ကြောက်တယ် ... အစိမ်းရောင် ဝတ်ထားတဲ့ အဘွားကြီးကို ကြောက်တယ် ..."

***

။

နိုးလာတော့ မောနေမိတုန်းပဲ ...။

ဒါပေမဲ့ ခုချိန်မှာတော့ သူမစိတ်မှာ ကြောက်ရွံ့မှုတွေ ရှိမနေတော့ပါဘူး။ မိုးစင်စင် လင်းရုံမဟုတ် ... နေရောင်ကတောင် သူမတို့ အခန်းလေးဆီ ထိုးကျနေပါပြီ။

အရင်ဆုံး သတိရမိတာက မေမေ။

သူမနံဘေးမှာ မေမေ ရှိမနေပါဘူး။ အရင်ရက်တွေဆို အိပ်ရာနိုးတာနဲ့ သူမနံဘေးမှာ မေမေ ရှိနေတတ်ပါပြီ။ ဒါမှမဟုတ်လည်း ... မီးဖိုခန်းလေးထဲမှာ သူမနိုးလာရင်စားဖို့ အစားအသောက်တွေ ချက်ပြုတ်ရင်း ရှိနေတတ်ပြီ။

ဒါနဲ့ပဲ အိပ်ရာမှထပြီး မီးဖိုခန်းတံခါးကို ဆွဲဖွင့်ကြည့်တော့ ... စိတ်မှာ ဝမ်းနည်းသွားရရဲ့ ..။ ဒါပေမဲ့ ခေါ်ဖြစ်အောင်တော့ တိုးတိုးလေး ခေါ်ကြည့်မိပါသေးတယ်။

"မေမေ"

တကယ်က ရှိမနေပါဘူး။ ရေချိုးခန်း၊ အိမ်သာတွေထဲမှာလည်း မရှိဘူး။ ဒါဆို မေမေ ခုထိအိမ်ပြန်မလာ သေးတာပေါ့။ ဟုတ်ပ့ါမလား။ သူမကို တစ်ယောက်တည်းထားပြီး အဲလောက်အကြာကြီး မေမေအပြင်မှာ မနေဖူးပါဘူး။

ဒါမှမဟုတ် သူမအိပ်ရာ မနိုးခင် ဈေးဝယ်ပြန်ထွက် သွားတာလား ....။

ဖုန်းလေးကိုယူပြီး ဖွင့်ကြည့်လိုက်တယ်။ မေမေ ပြန်ခေါ်ထားတဲ့ ဖုန်းမတွေ့သလို ဘာမှလည်း ခြေရာလက်ရာ မပျက်ထားဘူး။ မေမေဆိုတဲ့ နံပါတ်လေးကို ထပ်ခေါ်တော့ ... ဒီတစ်ခါ စက်ပိတ်ထားတယ်လို့ ပြောလာပါတယ်။

အိမ်ရှေ့ကို လှမ်းကြည့်တော့ ဝရန်တာတံခါးက ညက ဖွင့်ထားခဲ့တဲ့အတိုင်း ပွင့်လျက်ပါ။ ခပ်သွက်သွက်ပဲ တံခါးကိုတွန်းပြီး အပြင်ထွက်လိုက်တယ်။ ဝရန်တာကနေ အောက်ကို ငုံ့ကြည့်တော့ လမ်းပေါ်မှာ သွားလာလှုပ်ရှား နေသူတွေ တော်တော်များနေကြပြီ။

မျက်နှာချင်းဆိုင် ဝရန်တာမှ မေမေ့အရွယ် အန်တီတစ်ဦး အဝတ်တွေ ရေညှစ်ပြီး လှမ်းနေတယ်။

အစိမ်းရောင် ဝမ်းဆက်နဲ့ အဘွားကြီးကိုတော့ မတွေ့ရပါဘူး။ သူက နေ့အချိန်ဆို ဝရန်တာမှာ မရှိဘူးလေ။ အဲဒီအတွက် ရဲရဲတင်းတင်းပဲ သူမ လှမ်းကြည့်ရဲနေတာပါ။ သူတို့နဲ့ကပ်လျက် အခန်းဝရန်တာမှာတော့ ဗိုက်ပူပူနဲ့ ဦးလေးကြီးတစ်ဦး သတင်းစာ ထိုင်ဖတ်နေတယ်။

တစ်တိုက်ကျော်မှာ အစ်ကိုကြီးတစ်ဦး ဂီတာထိုင်တီးနေတယ်။ သံပန်းလေးပေါ်တက်ပြီး လမ်းထိပ်ဖက်ဆီ လှမ်းကြည့်ဖြစ်တယ်။ မေမေ့ကိုများ တွေ့ရလိမ့်နိုးနဲ့ပါ ...။ တော်တော်ကြာအောင် ရပ်ကြည့်ပြီးချိန်ထိ မေမေ့ရဲ့ အရိပ်အယောင်ကို မမြင်ရပါဘူး။

ခြေထောက်တွေနာလာလို့ သံပန်းပေါ်ကဆင်းပြီး အိမ်ထဲ ပြန်ဝင်လိုက်တယ်။ တံတွေးကို မျိုချတော့ ဝမ်းဗိုက်တစ်ခုလုံး ပူလောင်လာတယ်။ ဗိုက်ဆာလို့ ရင်ပူတာလား ... ရေဆာလို့ ရင်ပူတာလား ... ဘာမှ သဲသဲကွဲကွဲတောင် မသိတော့ပါဘူး။ ရေကတော့ အိမ်မှာရှိနေ ပါသေးတယ်။ အဓိက,က စားစရာပါ။

ရေခဲသေတ္တာကိုဖွင့်တော့ သောက်လက်စ ရေဘူးအချို့ သစ်သီးပုပ်အချို့နဲ့ မှိုတက်နေတဲ့ စားကြွင်းစားကျန် အချို့ကိုသာ တွေ့ရတယ်။ ကြောင်အိမ်ထဲမှာတော့ မနေ့ကကျန်တဲ့ ခေါက်ဆွဲခြောက်လေး နည်းနည်း ရှိလိမ့်ဦးမယ် ထင်ပါတယ်။ ဒါဟာလည်း များများစားစားတော့ မကျန်တော့ပါဘူး။ ခေါက်ဆွဲခြောက်ကို ဒီအတိုင်းဝါးလိုက် ရေသောက်ချလိုက်နဲ့ပဲ မေမေပြန်မလာတဲ့ အချိန်တွေကို သူမ ဖြတ်သန်းလာတာပါ။

နောက်ဆုံးတော့ မေမေမရှိချိန် သတိရနေကျအတိုင်း ဦးဦးဆံရှည်ကိုသာ သတိရမိတယ်။ ဦးဦးဆံရှည်နဲ့ မတွေ့တာ ရက်တော်တော် ကြာနေပါပြီ။ မနေ့က တံခါး သွားခေါက်သေးသော်လည်း အရင်ရက်တွေကလို တံခါးဖွင့်မပေးပါဘူး။

အရင်ဆို သူမ ဗိုက်ဆာတတ်တဲ့အချိန် … အထူးသဖြင့် မေမေအိမ်ပြန်နောက်ကျတဲ့ အချိန်တွေဆို ဦးဦးဆံရှည် မုန့်လာကျွေးနေကျပါ။

အခုချိန် ဦးဦးဆံရှည်နဲ့ တွေ့ခွင့်ရရင် သူမ ထမင်းစားရမှာပါ။ မဟုတ်လည်း အဆာပြေမယ့် မုန့်တစ်ခုခုကို ဦးဦးဆံရှည် ဝယ်ကျွေးမှာပါ။

ဒါနဲ့ပဲ မွေ့ရာအောက်မှာ ဖွက်ထားတဲ့ အိမ်သော့လေးကို ဆွဲထုတ်လိုက်တယ်။ အခန်းတံခါးကိုဖွင့်ပြီး သော့ကို သေချာ ပြန်ခတ်လိုက်တယ်။ ပြီးတော့ ဦးဦးဆံရှည် နေထိုင်ရာ တတိယထပ်သို့ ဆင်းခဲ့လိုက်ပါတော့တယ်။

သူမတို့သားအမိက ငါးထပ်မြောက်မှာ နေထိုင်ပြီး ဦးဦးဆံရှည်ကတော့ အောက်ခြေကရေရင် သုံးထပ်မြောက် အခန်းမှာ နေထိုင်ပါတယ်။ ဒီလိုနှင့် လေးထပ်မြောက်ကို ကျော်လွန်ပြီး တတိယထပ် အခန်းရှေ့ကိုရောက်တော့ …

အရင်ရက်က အတိုင်းပဲ သံပန်းတံခါးမှာ အပြင်မှ သော့ခတ်ထားတယ်။ ဒါပေမဲ့ ထူးခြားတာက အတွင်းဘက် သစ်သားတံခါးက ပိတ်လျက်မဟုတ်

ဘဲ အနည်းငယ် ဟနေပါတယ်။ လက်နဲ့ တွန်းကြည့်တော့ အတွင်းမှ အရာ အချို့ကို အတိုင်းသား မြင်ရတယ်။

အခန်းက မှောင်လွန်းလှပါရဲ့ ...။ မီးပဲ မထွန်းတာလား ... မီးပဲပျက်နေတာ လားလည်း မသိဘူး။ ပြတင်းတံခါး မှန်သမျှကို လိုက်ကာပိတ်ထားတော့ မျက်လုံးနဲ့ ကြည့်ရတာတင် ခပ်ခက်ခက်ပေါ့။

"ဦးဦးဆံရှည်"

တံခါးမှခေါ်တော့ အတွင်းမှ ခပ်အုပ်အုပ် ထူးသံလိုလို ကြားရတယ်။

"ဦးဦး ... သမီးစံစံပါ၊ သမီး ဗိုက်ဆာလို့"

ဒီတစ်ခါတော့ အတွင်းမှ ထူးသံကို မကြားရပါဘူး။ အချိန် အတော်ကြာ တဲ့ထိလည်း လှုပ်ရှားမှု တစ်စုံတစ်ရာ မရှိဘူး။ အထဲမှာ ဘယ်သူမှ ရှိမနေ တာလား ....။ ဒါဆို ... ခုနကြားရတဲ့ ထူးသံက သူမနားကြား လွဲတာလား။ သော့ခလောက်ကို ကိုင်ကြည့်တော့ ရေစိုနေတာကို တွေ့ရတယ်။ အခန်းရဲ့ အတွင်းဘက် ကြမ်းပြင်မှာလည်း ရေစိုခြေထောက်နဲ့ လျှောက်ထားတဲ့ ခြေရာအချို့ကို တွေ့ရတယ်။ ထိုခြေရာက အခန်းထဲမှတစ်ဆင့် လှေကား အတိုင်း အောက်ဖက်သို့ ဆင်းသွားနေပါတယ်။

အခန်းအပြင်ဘက် ဖိနပ်စင်ပေါ်မှာတော့ ဦးဦးဆံရှည် ဖိနပ်ရှိနေတယ်။ နံဘေးက ပန်းအိုးလေးကိုမြင်တော့ တစ်စုံတစ်ရာကို သူမ သတိရသွားမိရဲ့။ ချက်ချင်းပဲ ပန်းအိုးလေးကို မရွှေ့လိုက်တော့ အောက်ခြေမှာ သော့တံလေး တစ်ချောင်း ပေါ်လာတယ်။

ဒါဟာ ဦးဦးဆံရှည် အိမ်သော့ ထားတတ်တဲ့ နေရာတစ်ခုပါ။ ဒီနေရာ လေးမှာ သော့ထားတာကိုရော ... သော့ယူတာကိုရော သူမမြင်ထားဖူး တယ်။ ဘာလို့များ အရင်ရက်တွေက ဒါကို သတိမရမိပါလိမ့်။ ဒါနဲ့ပဲ ထို

သော့တံလေးနဲ့ သော့ခလောက်ကို ဖွင့်ပြီး သူမ အခန်းတွင်း ဝင်လိုက်ပါတယ်။

အလင်းဝင်ပေါက် မှန်သမျှကို လိုက်ကာပိတ်ထားလို့ အတွင်းက တော်တော်မှောင်နေတယ်။ အိမ်ရှေ့စားပွဲပေါ်မှာ ပလာယာနဲ့ ဝက်အူလှည့်တွေ ပြန့်ကျဲနေတယ်။ အောက်ခြေ ကြမ်းပြင်မှာလည်း ရေစိုနေတဲ့ ခြေရာ တော်တော်များများ ရှိနေတယ်။

"ဦးဦးဆံရှည် ..."

ခပ်ကျယ်ကျယ်အော်ရင်း အတွင်းမှာ လူရှိမရှိ စောင့်ကြည့်လိုက်တယ်။ မရှိပါဘူး ...။ ဘာတုံ့ပြန်မှုမှ မကြားရဘူး။ ဒါပေမဲ့ ကြောင်လေး တစ်ကောင်ကိုတော့ မီးဖိုကြမ်းပြင်မှာ လှမ်းတွေ့ လိုက်ရတယ်။ ကြောင်လေးက ထူးဆန်းသော အရာတစ်ခုကို ထိတ်လန့်တကြား မြင်နေရသလိုမျိုး ခေါင်းကိုမော့ရင်း မလှုပ်မယှက် ရပ်နေတယ်။ ကြည့်နေစဉ်မှာပဲ ကြောင်လေးက ရှေ့ကို ခုန်ထွက်သွားတယ်။ ပြီးတော့ လဲပြိုသံ အချို့ကို ကြားရတယ်။

"ဦးဦးဆံရှည်"

မမြင်ရသော ဆွဲဆောင်မှုတွေကြောင့် သူမခြေလှမ်းတွေ မီးဖိုခန်းကို အလိုလို ရောက်သွားမိတယ်။

ထိုခဏမှာပဲ ထူးဆန်းမှုတွေကို စတင်မြင်တွေ့ လိုက်ရလေရဲ့ ...။

မီးဖိုကြမ်းပြင် တစ်ခုလုံး ရေတွေစိုရွှဲနေတယ်။

ရေစီးကြောင်းငယ်လေးတွေက လမ်းကြောင်း ရှာနေသည့်အလား ကျောက်ပြားခင်းပေါ်မှာ ဟိုဟိုဒီဒီ စီးဆင်းနေတယ်။ ထိုရေစီးကြောင်းတို့ စတင်ရာက အဖုံးဖွင့်ထားတဲ့ ရေခဲသေတ္တာကြီးဆီမှ ...

သူမတို့ အိမ်မှာရှိသလို ထောင်ထားလို့ရတဲ့ ရေခဲသေတ္တာမျိုး မဟုတ်ဘဲ စ

တိုးဆိုင်၊ မုန့်ဆိုင်တွေမှာ ရှိတတ်တဲ့ အဝတ်လျှော်စက်ပုံစံ ရေခဲသေတ္တာကြီး ပါ။

ထိုရေခဲသေတ္တာကြီး အောက်ခြေမှနေ ကြမ်းပေါ်သို့ ရေတွေတစက်စက် စီးကျနေပါတယ်။ ခုနမြင်ရတဲ့ ကြောင်လေးကို မမြင်ရတော့ပါဘူး။ ရေခဲသေတ္တာကြီးထဲကိုများ ဝင်သွားတာလား။

"ဦးဦးဆံရှည်"

မီးဖိုခန်းထဲမှာလည်း ဦးဦးဆံရှည် ရှိမနေပါဘူး။

ဒါနဲ့ပဲ ပြန်လှည့်ထွက်ဖို့ပြင်တော့ မျက်လုံးထောင့်စွန်းမှာ ရိပ်ခနဲ လှုပ်ရှားမှု တစ်ခုကို မြင်လိုက်ရတယ်။ ရေခဲသေတ္တာကြီးများ လှုပ်သွားတာ လား ....၊ ဒါမှမဟုတ် ကြောင်လေးများ ပြန်ခုန် ထွက်လာတာလား ... သေ တော့မသေချာပါဘူး။ သေချာကြည့်တော့လည်း ရေခဲသေတ္တာကြီးက မလှုပ် မယှက်ပါပဲ။

ဒါပေမဲ့ ဟင်းလင်းပွင့်ထားတဲ့ ရေခဲသေတ္တာကြီးက သူမကို စွဲဆောင်နေပါ ပြီ။

ရေစိုနေသော ကျောက်ပြားခင်းပေါ် သူမခြေလှမ်းကို စတင်လိုက်တယ်။ အေးစက်မှုက ခြေဖဝါးမှတစ်ဆင့် ကိုယ်တွင်းသို့ ဝင်ရောက်လာတယ်။

ဒါပေမဲ့ ထူးခြားတာက ကြမ်းပြင်မှာ ရေကြောင့်မချော်ဘဲ စေးကပ်နေတာ ပါ။ စီးကြောင်းလေး တစ်ခုကို နင်းမိတော့ စေးကပ်မှုကို ပိုခံစားရတယ်။

အနားကို ရောက်လာတော့ အတွင်းမှထွက်လာတဲ့ စိမ်းရွှေရွှေ အနံ့တစ်ခု ကြောင့် နှာခေါင်းကို ပွတ်လိုက်မိတယ်။ ဖွင့်ထားတဲ့ အဖုံးကြီးက ပါးစပ်ဖြဲ ထားတဲ့ ငါးမန်းကြီး တစ်ကောင်လို သူမ ရောက်အလာကို စောင့်နေပုံပါပဲ။

ဒါနဲ့ပဲ ဘောင်ပေါ်လက်တင်ရင်း အတွင်းကို ခြေဖျား ထောက်ကြည့်လိုက်

တော့ ....

***